

သိန်းမင်းစာပေ
လုံးချင်းဝတ္ထုသစ်
ပန်းချီ သိန်းရွှေကြည်

# (၁)

ဝင်းလဲ့ဝတ်မှုန်က အခန်းထဲမှ နေ ခြံထဲရှိ ဧည့်ခန်းများ ဆီသို့ ငုံ့ကြည့်လိုက်သည် ။

"ဟယ်…ဧည့်သည် တွေတောင် အတော်ရောက်နေပြီ"

ပြင်ဆင်ခြင်းကို မြန်မြန်အဆုံးသတ်ပြီး အောက်ထပ်သို့ အမြန်ဆင်းရတော့မည်။

"ဧည့်သည် တွေစုံလို့ မှ ငါရောက်မလာသေးရင် ဖေဖေဒေါသကြီးလိမ့်မယ်"

ဖခင် ဦးလှဝင်းရဲ့ အနှစ်ခြောက်ဆယ်မြောက် မွေးနေ့ကို ကျင်းပနေခြင်းပါ။ ကုမ္ပဏီ လေးငါးခုကို ပိုင်ဆိုင်ထားသော သူဌေးကြီး ဦးလှဝင်းက၊ သူ့ရဲ့ မွေးနေ့ကို နှစ်စဉ်နှစ်တိုင်း သည် လို ကျင်းပနေကျဖြစ်သည် ။

အခန်းထဲမှ ထွက်ခဲ့ပြီး လှေကားကို ခပ်ဖြည်းဖြည်းပဲ ဆင်းလာခဲ့တော့သည် ။ လှေကားခြေရင်းမှာ ဖခင်ရဲ့ ညီမ အပျိုကြီး ဒေါ်မြင့်တီနှင့် ဆုံသည် ။

"ဟဲ့…ဝတ်မှုန် ခုမှ လာရသလား၊ နင့်အဖေ ဒေါသဖြစ်နေပြီ"

"ဖေဖေကလည်း အလကားနေရင်း ဒေါသဖြစ်နေတာပဲ၊ အဲဒီဒေါသ

ဆိုတာ ပိုက်ဆံပေးပြီးမှ ဖြစ်လို့ ရရင် ကောင်းမယ်"

ဒေါ်မြင့်တီကပါ ဝင်းလဲဝတ်မှုန်ကို မျက်နှာကြီးပုပ်သိုး အလိုမကျစွာ ကြည့်နေသည်။

"ဘာတွေလျှောက်ပြောတာလဲ"

"ဖေဖေ့ကြောင်းလေ သိပ်ပြီး စီးပွားရေးဆန်တဲ့ ဖေဖေ့ကိုပြောနေတာ ဒေါသကို ပိုက်ဆံပေးပြီးမှ ဖြစ်ရရင် ဖေဖေ ဘယ်တော့မှ ဒေါသဖြစ်မှာ မဟုတ်ဘူး လို့ "

"လေရှည်မနေနဲ့ လာပြီး ကူလုပ်ဦး"

ဒေါ်မြင့်တီက မကျေမနပ်နှင့်ပြောကာ လှည့်ပြီး ထမင်းစားပန်းကန်ဆီသို့ ဝင်သွား၍ ဝင်းလဲ့ဝတ်မှုန်က နောက်မှ လိုက်လာခဲ့သည်။

ဖန်ခွက်များကို ဒေါ်မြင့်တီက လင်ပန်းတွေပေါ် တင်နေသဖြင့် ကူညီလုပ်ကိုင်ပေးရသည်။

"ခြံထဲမှာ သွားပြီး ညှော်ခံဦးလေ"

"ဖြည်းဖြည်းပေါ့ အန်တီမြင့်ရယ်"

"မောင်ပိုင်မင်းခန့်လည်း ရောက်နေပြီ"

"အဲဒါ ဘာလုပ်ရမှာ လဲ"

"ဟင်...နင့်အဖေက အဲဒီ ပိုင်မင်းခန့်ကို အရေးပေးနေတာ၊ ဝတ်မှုန်ကိုလည်း အရေးပေးစေချင်နေတာလေ"

"ဟုတ်ပါတယ်...နင့်အဖေကြားရင် ပြဿနာတက်ပါဦးမယ် ဝတ်မှုန်ရယ်"

"ဒေါ်လေးတီကလည်း ၊ မကြားနိုင်လို့ ပြောတာပေါ့"

ဝင်းလှဲ့ဝတ်မှုန်က နှုတ်ခမ်းလေးစူးပြီး အဒေါ်ဖြစ်သူကို ပြန်၍ ရန်ထောင်နေသည်။

"ကဲ...သွားလေ ဝတ်မှုန်"

"သွားပါမယ်ရှင်၊ သူဌေးကြီး ဦးလှဝင်းအတွက် သမက်အတော်ရှားပုံပေါ်တယ်၊ ပင်လယ်ထဲမှာ ငါးတွေအများကြီးပါ အန်တီမြင့်ရယ်၊ ကမ်းစပ်မှာ လည်း ခရုတွေအများကြီးပါ၊ ဒါလောက်ကျယ်ပြန့်တဲ့ လောကကြီးထဲမှာ ဝတ်မှုန်အတွက် ယောက်ျားအတော်ရှားနေသလားဟင်"

"သွားစမ်း ပေါက်ကရတွေ လာပြောမနေနဲ့ ၊ အဲဒီဖန်ခွက်တွေ ခြံထဲယူသွား"

ဝင်လှဲ့ဝတ်မှုန်က ဒေါ်မြင့်တီကို ပြောင်စပ်စပ်မျက်နှာလေးနှင့်လုပ်ပြီး လင်ပန်းကို ကောက်ယူလိုက်သည်။

"မမဝတ်မှုန်"

ထမင်းစားခန်းဆီသို့ မောင်ဖြစ်သူ သူရိန်ဝင်းက ဝင်လာသည်။

"မမဝတ်မှုန် ဘာလို့ ခြံထဲ ဆင်းမလာတာလဲ၊ ဟိုမှာ ဖေဖေဒေါသဖြစ်နေပြီ"

"လာမှာ ပေါ့၊ ဖေဖေကလည်း သူ့ဧည့်သည် ကို သူ့ဘာသာဧည့်ခံရင်ပြီးရော၊ ငါလာမှ ဖြစ်မှာ လား"

"မမဝတ်မှုန် လာမှ ဖြစ်မယ့် ဧည့်သည် ရောက်နေတယ်၊ အဲဒါကြောင့်ပြောတာဗျ"

"ဘယ်ဧည့်သည် မို့လဲ"

"ဘယ်သူရှိရမှာ လဲ၊ မဟာပိုင်မင်းခန့်ပေါ့ဗျာ"

"အဲဒီပိုင်မင်းခန့်ကို ငါက ဘာလုပ်ရမှာ လဲ"

စိတ်တိုတိုနှင့် ဝင်းလဲ့ဝတ်မှုန်က ပြောသည် ။ ဝင်းလဲ့ဝတ်မှုန် မခံချင်အောင် သူရိန်ဝင်းက ထပ်မံနောက်ပြောင်သည် ။

"ဘာလုပ်ရမှာ လဲ၊ ဘဝကြင်ဖော်လုပ်ရမှာ ပေါ့ဗျ"

"သူရိန်နော်၊ ငါ့လက်ထဲက ဖန်ခွက်စာ မိချင်နေလား"

ဝင်းလဲ့ဝတ်မှုန်က ခြေဆောင့်ပြီး စိတ်တိုစွာနှင့် အော်သည် ။

"ကဲပါ ဝတ်မှုန်ရယ်၊ ခြံထဲသွားပါတော့၊ အစ်ကိုကြီး ပိုပြီးဒေါသဖြစ်နေပါဦးမယ်"

ဒေါ်မြင့်တီကပြောမှ ဝင်းလဲ့ဝတ်မှုန်က မကျေမချမ်း ပါးစပ်က ဆီမန်းမန်းသလို ပွစိပွစိပြောဆိုပြီး ခြံထဲသို့ ဆင်းလာသည် ။

ဖခင် ဦးလှဝင်းနှင့် တည့်တည့်ကြီး တိုးသည် ။ ဝင်းလဲဝတ်မှုန်ကို မျက်နှာထား တည်တည်ကြီးနှင့် မေးသည် ။

"ဝတ်မှုန် ဘာတွေလုပ်နေလို့ ခုမှ ဆင်းလာရတာလဲ"

"အိမ်ထဲမှာ ကူလုပ်နေလို့ ပါ ဖေဖေ"

"လာ...လာ ဖေဖေနဲ့ အတူ ဧည့်သည် တွေ ဧည့်ခံပေးဦး"

ဦးလှဝင်းရဲ့ ဒေါသတွေ သိပ်ပြီး ဒီဂရီမမြင့်တော့သည် ကို တွေ့ရပြီး စိတ်ထဲမှာ အနည်းငယ် သက်သာသွားသည် ။

"ဩော်...ဟိုစားပွဲမှာ မောင်ပိုင်မင်းခန့် တစ်ယောက်တည်း ထိုင်နေတယ်၊ သွားပြီး ဧည့်ခံလိုက်ဦး"

"ဟုတ်ကဲ့...ဖေဖေ"

ပိုင်မင်းခန့်ရဲ့ စားပွဲဆီသို့ မလျှောက်ချင်သော်လည်း ဖခင်ရဲ့ အမိန့်ကို မလန်ဆန်နိုင်၍ လျှောက်လာခဲ့သည် ။ ယောကျ်ားပီသချောမွေ့သော ပိုင်မင်းခန့်သည် ဝင်းလဲ့ဝတ်မှုန်ရဲ့ မျက်စိထဲတွင် ကြည့်မရအောင် ဖြစ်နေသည် ။

ဝင်းလဲ့ဝတ်မှုန်ကို ပိုင်မင်းခန့်က ပြုံးတုံ့တုံ့မျက်နှာနှင့် လှမ်းကြည့်နေသည် ။

"ကိုပိုင် ရောက်နေတာကြာပြီလား"

"အင်း...ဝတ်မှုန် ရှိုးတွေထုတ်ပြီး နောက်ကျနေတယ်ထင်တယ်"

"မဟုတ်ပါဘူး၊ အိမ်ထဲမှာ အန်တီမြင့်ကို ကူပြီး လုပ်ပေးနေလို့ ပါ"

"ဟုတ်ရဲ့ လား ကိုယ့်ကို ဧည့်ခံရမှာ ဝန်လေးတာနဲ့ တမင်းရှောင်နေတာ မဟုတ်ပါဘူးနော်"

"ဘာဆိုင်လို့ လဲ ကိုပိုင့်ကို ရှောင်ရမှာ လဲ"

ဝင်းလဲ့ဝတ်မှုန်က ခပ်ဆတ်ဆတ်လေး ပြန်ပြောသည် ။ အရယ်အပြုံးမရှိသော ဝင်းလဲ့ဝတ်မှုန်ရဲ့ မျက်နှာကိုကြည့်ပြီး ပိုင်မင်းခန့်ရဲ့ စိတ်တွေ ညှိုးကျသွားသည် ။

"ဝတ်မှုန်"

"ဘာလဲ ကိုပိုင်"

"ကိုယ့်အပေါ်မှာ မင်းဘာလို့ ပြောင်းလဲသွားရတာလဲ"

"ကိုပိုင်ရယ် ဘာပြောင်းလဲလို့ လဲ ကိုပိုင်နဲ့ ဝတ်မှုန်က အခင်ဆုံး သူငယ်ချင်းတွေပါ"

"မင်းရင်ထဲမှာ အဲလိုသံယောဇဉ်မျိုး တကယ်ရှိသေးရဲ့ လား"

"ရှိသေးတာပေါ့"

ခပ်ပေါ့ပေါ့ဖြေလိုက်သော ဝတ်မှုန်ရဲ့ စကားသံက ပိုင်မင်းခန့်အတွက် စိတ်ကြည်နူးစရာ လုံးဝမဖြစ်လာပါ။

ခင်မင်တွယ်တာခဲ့ရသော ပိုင်မင်းခန့်အပေါ် ဝင်းလဲ့ဝတ်မှုန်ရဲ့ ခံစားမှုတွေ ဘာကြောင့် ပြောင်းလဲကုန်ပြီလဲ။ ဝတ်မှုန်ရဲ့ အတွင်းစိတ်ထဲတွင် ပိုင်မင်းခန့်အား မကျေနပ်စိတ်တွေ ရှိနေသည် ။ ထိုစိတ်တွေကို ပိုင်မင်းခန့် ဖွင့်ပြီးမပြောသော်လည်း ရင်ထဲမှာ ရှိနေသည် က အမှန်။

"ကိုယ်နဲ့ မင်း မတွေ့ဖြစ်တာ နှစ်နှစ်ပြ ရှိပါသေးတယ်၊ ဝတ်မှုန်ရယ်၊ မင်း သိပ်ပြောင်းလဲသွားပြီ"

"ဘာပြောင်းလဲလို့ လဲ"

"တို့ အိမ်လာတုန်းက မင်းကိုယ့်ကို စကားတစ်လုံးနှစ်လုံး ဝတ်ကျေတမ်းကျေပဲ ပြောခဲ့တယ်လေ"

"ကိုပိုင်တို့ အိမ်မှာ ဧည့်သည် တွေက အများကြီးလေ ဝင်းလဲချည်းပဲ ပြောနေလို့ ဖြစ်မလား"

"ကိုယ်က တခြားလူတွေထက် ဝတ်မှုန် ကိုယ့်ကိုပိုပြီး ဂရုစိုက်တာ လိုချင်တာလေ"

ပိုင်မင်းခန့်ရဲ့ စကားက ဝင်းလဲ့ဝတ်မှုန်ရဲ့ မကျေမနပ်အတွင်းစိတ်ကို ပိုပြီး ကြီးထွားစေလိုက်သည် ။

"ကိုပိုင်ဟာလေ...စင်္ကာပူမှာ နှစ်နှစ်နေပြီး ဘယ်လိုဖြစ်လာတာလဲ"

"ကိုယ် ဘာဖြစ်နေလို့ လဲ"

"မသိဘူး…ဝတ်မှုန်က တစ်နေ့တခြား ကိုပိုင့်ကို ကြည့်မရတော့ဘူး"

"ဟင်…ဝတ်မှုန် ဘယ်လိုပြောလိုက်တာလဲ"

ပိုင်မင်းခန့်က မျက်နှာ ညှိုးကျသွားသည်။ ဝင်းလဲ့ဝတ်မှုန်က လွှတ်ခနဲပြောလိုက်ပြီးမှ အားနာသွားသည်။

"ဝတ်မှုန်ရယ် မင်းကိုယ့်အပေါ်မှာ အရမ်းပြောင်းလဲနေပြီနော်"

"မပြောင်းလဲပါဘူး၊ အခင်ဆုံးသူငယ်ချင်းက သူငယ်ချင်းပဲပေါ့"

ပိုင်မင်းခန့်က နောက်ထပ်စကားမဆိုသေးဘဲ ဝင်းလဲ့ဝတ်မှုန်ရဲ့ မျက်နှာတည်တည်လေးကို ငေးကြည့်နေသည်။ ထိုစဉ်မှာ သူတို့ စားပွဲဆီသို့ ယောကျ်ားတစ်ယောက် ထပ်ရောက်လာသည်။

"ဟာ…ကိုပိုင်မင်းခန့် ခင်ဗျားပြန် လာပြီဆိုတာ ကြားပြီးလာတွေ့မလို့ ဗျာ၊ မအားသေးတာနဲ့ မရောက်ဘူး ခွင့်လွှတ်ဗျာ"

"ရပါတယ် ကိုစိုးလွင်ရယ်"

"အတော်ပဲဗျာ ခင်ဗျားနဲ့ ကိစ္စလေးတစ်ခု တိုင်ပင်ချင်တာ"

"ရပါတယ် ပြောပါ"

"ကဲ…ကိုပိုင်တို့ လွတ်လွတ်လပ်လပ် စကားပြောဦးနော်၊ ဝတ်မှုန်သွားပြီး ဧည့်ခံလိုက်ဦးမယ်"

"ကောင်းပြီ ဝင်းလဲ"

ပိုင်မင်းခန့်အနားတွင် ကြာကြာမနေချင်သော ဝင်းလဲ့ဝတ်မှုန်က အခွင့်အရေးရသည် နှင့် မိမိရရသုံးပြီး လစ်ထွက်လာခဲ့သည်။

အခြားစားပွဲဝိုင်းများ ဆီသို့ လျှောက်ပြီး ဧည့်ခံကာ ပိုင်မင်းခန့်အနားသို့ မသွားမိရန် ရှောင်နေလိုက်သည်။

ညှော့သည် တွေ တဖြည်းဖြည်းပြန်ကုန်သည် ။ ပိုင်မင်းခန့်ကလည်း နှုတ်ဆက်ပြီး ပြန်သွားသည် ။

ဝင်းလှဲ့ဝတ်မှုန်က ပိုင်မင်းခန့်ပြန်သွားမှ ပဲ စိတ်အေးလက်အေး ဖြစ်သွားသည် ။

ညှော့သည် တွေပြန်ပြီး ခြံထဲမှာ ရှင်းလင်းလုပ်ကိုင်နေသည် ကို ကူညီ လုပ်ကိုင်ပေးပြီးမှ အိမ်ပေါ်တက်လာခဲ့သည် ။

***

( ၂ )

ပိုင်မင်းခန့်အပေါ်တွင် သူဘာကြောင့် စိတ်သဘောထားတွေ ပြောင်းလဲကုန်ရသည် လဲလို့ ဝင်းလဲဝတ်မှုန်က အဖြေရှာကြည့်သည် ။ ငယ်စဉ်ကတည်းက အလွန်ချစ်ခင်ခဲ့ရသော ပိုင်မင်းခန့်နှင့် သူတို့ ရဲ့ အတိတ်အကြောင်းလေးများ ဆီသို့ အတွေးက ရောက်သွားသည် ။

ပိုင်မင်းခန့်နှင့် ဝင်းလဲ့ဝတ်မှုန်တို့ သည် မိဘချင်း သိပ်ခင်မင်ရင်းနှီးမှု မရှိကြသော်လည်း ငယ်စဉ်ကတည်းက သူတို့ နှစ်ယောက်သည် အလွန်ချစ်ခင်သော သူငယ်ချင်းတွေ ဖြစ်ကြသည် ။

သူဌေးရပ်ကွက်မှာ တစ်ရပ်ကွက်တည်း အတူနေသော်လည်း အိမ်ချင်းက မနီးကြပါ။ ဒါပေမဲ့ ပိုင်မင်းခန့်က နေ့တိုင်းလိုလို ဝင်းလဲ့ဝတ်မှုန်ရဲ့ အိမ်ကို ရောက်လာတတ်သည် ။

တစ်ကျောင်းတည်း နေကြပြီး ပိုင်မင်းခန့်က ဝင်းလဲ့ဝတ်မှုန်ထက် အတန်းနှစ်တန်းကြီးသည် ။ ဝင်းလဲ့ဝတ်မှုန် တစ်တန်းနှစ်မှာ ပိုင်မင်းခန့်က သူတို့ ကျောင်းကို ပြောင်းလာသည် ။

ပိုင်မင်းခန့်က ကျောင်းသားသစ်ဖြစ်သော်လည်း ကျောင်းတက်ချိန် နှစ်လသုံးလ လွန်မြောက်သည့်အချိန်မှာ သူ့ကို ဆရာဆရာမက အတော်လေး ချစ်ခင်ရင်းနှီးနေပြီ။

စာတော်သလို ကူညီရိုင်းပင်းတတ်သော စိတ်ထားရှိ၍ လူချစ်လူခင်

ပေါသည် ။ တစ်တန်းကျောင်းသူလေး ဝင်းလဲ့ဝတ်မှုန်က သုံးတန်းကျောင်းသား ပိုင်မင်းခန့်ကို မြင်ဖူးပေမယ့် သူ့ထက်ကြီးပြီး အတန်းမတူသော ပိုင်မင်းခန့်ကို ခင်မင်ရင်းနှီးခြင်း မရှိပါ။

ဝင်းလဲ့ဝတ်မှုန်နှင့် တစ်တန်းတည်းတွင် အလွန်ဗိုလ်ကျ ဆိုးတတ်သော ဖိုးတူးဆိုသော ကောင်လေးတစ်ယောက်ရှိသည် ။

ဝင်းလဲ့ဝတ်မှုန်သည် ချမ်းသာကြွယ်ဝသော မိဘများ ရဲ့ ရင်သွေးမို့ မိဘတွေက ပြည့်စုံအောင်ထားသည် ။ ကျောင်းသို့ မုန့်ဘူးထည့်ပေးလျှင်လည်း အကောင်းဆုံး အရသာအရှိဆုံး မုန့်ပဲသွားရေစာများကိုသာ ထည့်ပေးသည် ။

ဖိုးတူးက မကြာခဏ ဝင်းလဲ့ဝတ်မှုန်ကို ဗိုလ်ကျပြီး မုန့်တောင်းစားတတ်သည် ။ ဖိုးတူးကို ကြောက်သည် ကတစ်ကြောင်း၊ ပေး၍ စားလိုသော စေတနာရှိသည် ကတစ်ကြောင်းကြောင့် ဝင်းလဲ့ဝတ်မှုန်က သူမရဲ့ မုန့်တွေကို ပေးစားသည် ။

တစ်နေ့သောအခါမှာ ဝင်းလဲ့ဝတ်မှုန်ကို သူ့အိမ်က နေ့လည်စာ အသားညှပ်ပေါင်မုန့် ထည့်ပေးလိုက်သည် ။ ဝင်းလဲ့ဝတ်မှုန်က ကစားကွင်းများက ခုံလေးမှာ ထိုင်ပြီး မုန့်ဘူးကို ဖွင့်စားနေသည် ။

တစ်ယောက်တည်း ခြေထောက်လေးကိုလွှဲပြီး ကစားရင်း မုန့်စားရင်းကနေ ကစားကွင်းထဲမှာ ဆော့ကစားနေသော ကျောင်းသူကျောင်းသားများကို သဘောကျစွာ ကြည့်နေသည် ။

"ဟိတ် ဝင်းလဲ့ဝတ်မှုန်"

အနားကပ်၍ ခေါ်လိုက်သော ဖိုးတူးအသံကြောင့် ဝင်းလဲ့ဝတ်မှုန်ရဲ့ ကိုယ်လေး ဆတ်ခနဲတုန်သွားသည် ။ ဖိုးတူးက သူ့ဘေးတွင် ဝင်ထိုင်လို

က်ပြီး ဖိုးတူးအကြည့်က သူ့ရဲ့ မုန့်ဘူးဆီသို့ ရောက်နေသည် ။

"နင် ဘာစားနေတာလဲ"

"ပေါင်မုန့်အသားညှပ်"

"ကြည့်စမ်း...ဒါလောက်ကောင်းတာ စားနေတာတောင် ငါ့ကို ပေးမစားဘူး"

ဝင်းလဲ့ဝတ်မှုန်က ဗိုလ်ကျလွန်းသော ဖိုးတူးကို အမြင်ကတ်စွာ ကြည့်ပြီး ပြန်စွာသည် ။

"ငါ့မုန့်ကို ငါစားတာ ဘာဖြစ်လဲ၊ နင့်ကို အမြဲတမ်း ပေးစားနေရမှာလား"

"ငါက အမြဲတမ်း စားရမှ ကျေနပ်တယ်ဆိုတာ နင်မသိဘူးလား"

"ဗိုလ်လာမကျနဲ့ ဆရာမနဲ့ တိုင်ပြောမယ်"

"ဟိတ်...အပိုတွေပြောမနေနဲ့ ခု နင်စားနေတဲ့ ပေါင်မုန့်ပေးစားမလား မပေးစားဘူးလား"

ဝင်းလဲ့ဝတ်မှုန်က ဂျစ်ကန်ကန် မိုက်တူးတူး ဖိုးတူးကို စိတ်တိုစွာ ကြည့်လိုက်သည် ။ သည် နေ့ မုန့်ကို ပေးမစားရန် ဆုံးဖြတ်လိုက်သည် ။

"ဘာလို့ ပေးစားရမှာ လဲ"

"တကယ်လား"

"လုံးဝ ပေးမစားဘူး"

"အေး...ဒါဆို ငါ့အကြောင်းသိစေရမယ်"

ဖိုးတူးက ဆတ်ခနဲ ဝင်းလဲ့ဝတ်မှုန်ရဲ့ လက်ထဲက မုန့်ဘူးကို လုသည်

။

"ဟင်…နင်ဘာလုပ်တာလဲ၊ မပေးဘူး"

ဝင်းလဲ့ဝတ်မှုန်က ပြန်လုသည် ။ နှစ်ယောက်သား အပြိုင်လုရင်းနှင့် ပေါင်မုန့်တွေ မြေပြင်ပေါ်သို့ ကျသွားသည် ။

"ကောင်းတယ်၊ ငါ့ကို ပေးမစားလို့ မြေကြီးက စားလိုက်ပြီ"

"ဟီး…ဟီး…ငါ့မုန့်တွေ ပြန်လျော်ပေး၊ ပြန်လျော်ပေး"

ဝင်းလဲ့ဝတ်မှုန်က ခြေထောက်လေးကို ဆောင့်ပြီး တဟီးဟီးနှင့် အော်ငိုသည် ။

ထိုအချိန်မှာ ပိုင်မင်းခန့်က သူတို့ အနားသို့ ရောက်လာသည် ။ ထိုအချိန်မှာ ဝင်းလဲဝတ်မှုန်က ဒေါသကို မထိန်းနိုင်ဘဲ ဖိုးတူးကို ထုရိုက်သည် ။ ဖိုးတူးက ဝင်းလဲ့ဝတ်မှုန်ရဲ့ ကိုယ်လေးကို ပစ်တွန်းလိုက်သည် ။

နုနုနယ်နယ် သေးကွေးသော ဝင်းလဲ့ဝတ်မှုန်က ဖိုးတူးတွန်းလိုက်သည် နှင့် ပစ်ပြီး မြေပြင်ပေါ်သို့ ကျသွားသည် ။

"ဟိတ်…မင်း ဘာပြုလို့ အဲ့လိုလုပ်တာလဲ"

ဖိုးတူးရဲ့ လက်ကို ဖမ်းဆွဲပြီး ပိုင်မင်းခန့်က မေးလိုက်သည် ။

"ဟီး…ဟီး…သူ အမြဲတမ်း ဝတ်မှုန်ကို ဗိုလ်ကျတယ်။ သူ့ကို ထိုးလိုက်ပါ"

ဝင်းလဲ့ဝတ်မှုန်က အားကိုးပြီး ပိုင်မင်းခန့်ကို ထိုးခိုင်းသည် ။ ပိုင်မင်းခန့်က ဖိုးတူးထက် အသက်အရွယ်ရော၊ အရပ်အမောင်း ဗလပါ ကြီးသည် ။

"ကဲ….သူက ထိုးခိုင်းနေပြီ၊ မင်းကို ငါထိုးလိုက်ရမလား"

ဖိုးတူးက ပိုင်မင်းခန့်ကိုကြည့်ပြီး မျက်နှာငယ်လေးနှင့် ပြန်ပြောသည်။

"မထိုးပါနဲ့ အစ်ကိုရယ်"

"သူ့ကို ထိုးလိုက်ပါ၊ အမြဲ ဝတ်မှုန်ရဲ့ မုန့်တွေကို လုလုစားတယ်၊ သိပ်ပြီး ဗိုလ်ကျတယ်၊ သူ့ကို ထိုးလိုက်ပါ မြန်မြန်ထိုးလိုက်ပါ"

ဝင်းလဲ့ဝတ်မှုန်က ဖိုးတူးအား လွန်စွာ မကျေနပ်ပြီး အတင်းကြီး ထိုးခိုင်းနေသည်။

"ဟုတ်လား...မင်းက သူ့ကို အမြဲဗိုလ်ကျတယ်ဆို"

ဖိုးတူးက ခေါင်းငုံ့ပြီး မဖြေပါ။ ဝင်းလဲ့ဝတ်မှုန်က အသံစာစာလေးနှင့် ဝင်ပြောသည်။

"သူ အစ်ကို့ကို ကြောက်လို့ မဖြေတာ မှတ်လောက်သားလောက်အောင် ထိုးလိုက်ပါနော်"

"ကြားလား မင်းကို သူတော်တော် မကျေမနပ်ဖြစ်နေပြီ ငါ မင်းကို ထိုးရမလား"

"မထိုးပါနဲ့ အစ်ကိုရယ်"

"ဒါဆို မင်း နောက်ကို လိမ်လိမ်မာမာ နေမလား"

"နေပါ့မယ်"

"သူ့ကို ဗိုလ်မကျနဲ့ တော့နော် နောက်တစ်ခါ မင်း နိုင့်ထက်စီးနင်းလုပ်ရင် ထိုးရမှာ ပဲ"

ပိုင်မင်းခန့်က မျက်နှာထားတင်းတင်းနှင့် ပြောတော့ ဖိုးတူးက တကယ်ကြောက်သွားသည်။

"နောက်ကို ကျွန်တော် သူ့မုန့်တွေ လုမစားတော့ပါဘူး"

"ကောင်းပြီလေ မင်းနောက်တစ်ခါ လုပ်ရဲရင်လုပ်ကြည့်လေ၊ ငါ့လက်သီးအကြောင်း ကောင်းကောင်း သိစေရမယ်"

"နောက်ကို ဘယ်တော့မှ မလုပ်ပါဘူး၊ ကျွန်တော့်လက်ကို လွှတ်ပေးပါ"

"နောက်တစ်ခါ လုပ်ရဲရင် လုပ်ကြည့်လေ၊ မင်း နာပြီသာမှတ်"

ပိုင်မင်းခန့်က ဖိုးတူးရဲ့ လက်ကို လွှတ်ပေးလိုက်သည် ။ ဖိုးထူးက လွှတ်ခနဲ သူတို့ အနားမှ ထွက်ပြေးသွားသည် ။

"ဘယ်နား နာသွားလဲ"

ပိုင်မင်းခန့်က ဝင်းလဲ့ဝတ်မှုန် ကိုယ်လေးကို မြေပြင်ပေါ်မှ ဆွဲထူပြီး မေးသည် ။

"ဒီမှာ တံတောင်ဆစ်ပွဲသွားတယ်"

"တော်တော်ဆိုးတဲ့ ကောင်လေးပဲ"

"သူ အမြဲ ဝတ်မှုန်ရဲ့ မုန့်တွေ လုစားတယ်၊ ခုလည်း သူလုစားလို့ မုန့်တွေ အောက်ကျကုန်ပြီ"

ဝင်းလဲ့ဝတ်မှုန်က မျက်ရည်လေး တဝဲဝဲနှင့် ပြောသည် ။

"ဝတ်မှုန် ဗိုက်ဆာတယ်၊ မုန့်တွေလည်း မရှိတော့ဘူး"

"တစ်ရက်တလေ ဝယ်စားလိုက်ပေါ့ကွယ်"

"ပိုက်ဆံမှ မရှိတာ၊ မေမေက ဝတ်မှုန်ကို မုန့်ပဲ ထည့်ပေးတာ မုန့်ဖိုး မပေးဘူး"

"ဟုတ်လား ဒါဆို အခု မုန့်စားဖို့ ပိုက်ဆံမရှိဘူးပေါ့"

"အင်း"

"အဲဒါဆို လာလိုက်ခဲ့၊ ကင်တင်းမှာ မင်းကို မုန့်ဝယ်ကျွေးမယ်"

"တကယ်လား"

"တကယ်ပေါ့"

"ဒါဆို သွားမယ်လေ"

ဝင်းလဲ့ဝတ်မှုန်က လက်ကအနာကိုပင် မေ့သွားသည် ။ ပိုင်မင်းခန့်နှင့်အတူ မုန့်စားရုံသို့ လိုက်ခဲ့သည် ။

"မင်း ဘာစားမလဲ"

"ခေါက်ဆွဲသုပ်စားမယ်"

အပြင်စာတွေကို မိခင်က မကျွေး၍ စားလေ့စားထမရှိသော်လည်း ခေါက်ဆွဲသုပ်ကို မှာ စားသည် ။ မြင်သာမြင်ရပြီး မစားခဲ့ရ၍ အချိန်ကြာမြင့်စွာကတည်းက ခေါက်ဆွဲသုပ်ကို စားချင်နေသည် ဖြစ်သည် ။

"ခေါက်ဆွဲသုပ်က ကောင်းလိုက်တာနော်၊ ဝတ်မှုန် တစ်ခါမှ မစားဖူးဘူး"

"ဟုတ်လား"

ပိုင်မင်းခန့်က မယုံကြည်စွာနှင့် မေးသည် ။

"မေမေက အပြင်က အစာတွေစားမှာ စိုးလို့ ဘယ်တုန်းကမှ မုန့်ဖိုးမပေးဘူး"

"ဟုတ်လား"

"ဒါကြောင့် သူများ တွေ ဒီကင်တင်းက မုန့်ဝယ်စားတာမြင်ရင် သိပ်ပြီး စားချင်တာပဲ"

"အခု စားချင်တာ စားရပြီ မဟုတ်လား"

"အင်း...ပြီးတော့ ကျေးဇူးတင်ပါတယ်"

ငယ်ငယ်ရွယ်ရွယ်နှင့် ကျေးဇူးတင်စကားကို ပြောတတ်သော ဝင်းလဲ့ဝတ်မှုန်ကို ပိုင်မင်းခန့်က သဘောကျစွာ ရယ်သည်။

"မှတ်ထား တို့ နာမည်က ပိုင်မင်းခန့် မင်းကရော"

"ဝင်းလဲ့ဝတ်မှုန်"

"တို့ နှစ်ယောက် သူငယ်ချင်းတွေ ဖြစ်သွားပြီပေါ့နော်"

"အင်း...သဘောကောင်းတဲ့ ကိုပိုင့်ကို ဝတ်မှုန်က သူငယ်ချင်းဖြစ်ရလို့ ဝမ်းသာပါတယ်"

ဝင်းလဲ့ဝတ်မှုန်က ပိုင်မင်းခန့်ကို ကိုပိုင်ဟု တရင်းတနှီးခေါ်လိုက်သည်။

"တို့ ကလည်း ဝမ်းသာပါတယ်၊ မုန့်ဖိုးမရတဲ့ ဝတ်မှုန်ကို ကင်တင်းမှာ မုန့်ခဏခဏ ဝယ်ကျွေးမယ်နော်"

"ဟယ် ပျော်စရာကြီးနော်"

ဝင်းလဲ့ဝတ်မှုန်က အားပါးတရ ဝမ်းသာစွာပြောသည်။

"အအေးသောက်ဦးမလား"

"ခရတ်ရှာ သောက်မယ်"

ပိုင်မင်းခန့်က ခရတ်ရှာတစ်လုံးမှာ ပြီး ဖန်ခွက်ထဲသို့ ထည့်ပေးလိုက်သည် ။

"ကိုပိုင့်မှာ ပိုက်ဆံလောက်ရဲ့ လား"

"လောက်ပါတယ်၊ စိတ်ချလက်ချသောက်"

"ကိုပိုင်က မုန့်ဖိုးတွေ အများကြီး ရတာပေါ့နော်"

"ဟုတ်တယ် မေမေက တို့ ကို သိပ်ချစ်တယ်၊ မုန့်ဖိုးတွေ အများကြီး ပေးတယ်"

"ကိုပိုင်က လျှောက်သုံးပစ်လား"

"လိုအပ်တာကို သုံးတယ်၊ မေမေ ပင်ပင်ပန်းပန်း ရှာတဲ့ ပိုက်ဆံကို ဖြုန်းမပစ်ပါဘူး"

"ကိုပိုင်က လိမ်မာတာပေါ့နော်"

"မေမေက အဲလို ပြောတာပဲ"

"ကိုပိုင်က ဘယ်မှာ နေတာလဲဟင်"

"ရွှေတောင်ကြားမှာ "

"ဟင်...ဝတ်မှုန်တို့ ကလည်း ရွှေတောင်ကြားမှာ နေတာလေ"

"ဟုတ်လား"

"ဝတ်မှုန်တို့ အိမ်ကို လာလည်နော်"

"အိမ်နံပါတ်ပေးလေ"

ဝင်းလဲ့ဝတ်မှုန်က သူ့အိမ်နံပါတ်ကို ပေးလိုက်သည် ။ အသုပ်စား၊ အအေးသောက်ပြီးသည့်အချိန်မှာ ပိုင်မင်းခန့်နှင့် ဝင်းလဲ့ဝတ်မှုန်တို့ အ

တော်လေး ရင်းနှီးသွားကြသည် ။

***

(၃)

နောက်တစ်နေ့ ကျောင်းသွားခါနီး မိခင်ဖြစ်သူက ဝင်းလဲဝတ်မှုန် အား မုန့်ဘူးထည့်ပေးစဉ် ဝင်းလဲ့ဝတ်မှုန်က ပြောသည် ။

"မေမေ ဒီနေ့ ဝတ်မှုန်ကို မုန့်ထည့်ပေးရင် နှစ်ယောက်စာထည့်ပေး နော်"

"ဘာဖြစ်လို့ လဲ သမီးရဲ့ "

"ဝတ်မှုန်ရဲ့ သူငယ်ချင်းအတွက် ယူသွားချင်လို့ ပါ"

"အေးအေး ထည့်ပေးလိုက်မယ် သမီး"

မိခင်ထည့်ပေးလိုက်သော မုန့်ဘူးကို ကျေနပ်စိတ်များ နှင့် ဝင်းလဲ့ဝ တ်မှုန်က ကျောင်းသို့ယူလာခဲ့သည် ။

နေ့လယ်မုန့်စားဆင်းချိန်ကို ဝင်းလဲ့ဝတ်မှုန်က စောင့်မျှော်နေသည် ။ မုန့်စားဆင်းသည် နှင့် ပိုင်မင်းခန့်ရဲ့ စာသင်ခန်းဘက်သို့ မုန့်ဘူးလေးကို င်ပြီး ထွက်လာသည် ။ ဖိုးတူးက ဝင်းလဲ့ဝတ်မှုန်ကို လှမ်းကြည့်နေသော် လည်း ဘယ်လိုနှောင့်ယှက်မှုမျိုးကိုမျှ မလုပ်ပါ။

စာသင်ခန်းထဲက ထွက်လာသော ပိုင်မင်းခန့်က ဝင်းလဲ့ဝတ်မှုန်ကို တွေ့ပြီး နှုတ်ဆက်သည် ။

"ဝတ်မှုန် ဘာလာလုပ်တာလဲ"

"ကိုပိုင့်ကို လာစောင့်နေတာလေ"

"ကင်တင်းလိုက်မလို့ လား"

"ဒီနေ့ ကင်တင်းမသွားနဲ့၊ ကိုပိုင့်အတွက်ပါ ဝတ်မှုန် မုန့်ထည့်လာတယ်"

"ဟင်…ဟုတ်လား"

"လာ…ဟိုသစ်ပင်အောက်ကခုံမှာ သွားထိုင်ပြီး စားမယ်"

ပိုင်မင်းခန့်ရဲ့ လက်ကိုဆွဲပြီး သစ်ပင်အောက်ဆီသို့ ဝင်းလဲ့ဝတ်မှုန်က ခေါ်ခဲ့သည်။ ခုံတန်းလေးမှာ နှစ်ယောက်သား ထိုင်လိုက်ကြသည်။

"ဘာမုန့်တွေ ယူလာတာလဲ ဝတ်မှုန်"

"သစ်သီးကိတ်မုန့်လေ"

ဝင်းလဲ့ဝတ်မှုန်က ပြောရင်းနှင့် မုန့်ဘူးကို ဖွင့်လိုက်သည်။

"ကိုပိုင် စားပါ"

ဝင်းလဲ့ဝတ်မှုန်ပေးသော မုန့်ကို ပိုင်မင်းခန့်က ယူစားသည်။

"ဒီနေ့ ဖိုးထူးနဲ့ တွေ့သေးလား"

"တွေ့တယ်"

"ဝတ်မှုန်ရဲ့ မုန့်ကို လာမလုဘူးလား"

"မလုဘူး၊ ကိုပိုင်ပြောထားတာ ကြောက်လို့ နေမှာ ပေါ့"

"အေး ကောင်းတယ်၊ နောက်ကို သူဗိုလ်ကျရင် ချက်ချင်းပြော သိလား"

"အင်းပါ ကိုပိုင်ရဲ့ "

"ဝတ်မှုန်မှာ မောင်နှမတွေ မရှိဘူးလား"

"မောင်လေးတစ်ယောက်ရှိတယ်"

"ဒီကျောင်းမှာ ပဲလား"

" မဟုတ်ဘူး မောင်လေးက တခြားကျောင်းမှာ ပါ"

"ဟုတ်လား မောင်နှမနှစ်ယောက် တစ်ကျောင်းစီပေ့ါ"

"သူက ဒီကျောင်းမှာ မနေချင်ဘူးတဲ့ "

"ဟုတ်လား"

"သူနေတဲ့ ကျောင်းက လေးတန်းအထိပဲရှိတာ ခု သူက သူငယ်တန်းမှာ "

"ဟုတ်လား ဝတ်မှုန်ထက် နှစ်တန်းငယ်တာပေ့ါ"

"သူက ဝတ်မှုန်ထက် သုံးနှစ်လောက် ငယ်တယ်"

"တို့ အိမ်လာလည်ရင် သူနဲ့ တွေ့မှာ ပေ့ါနော်"

"တွေ့မှာ ပေ့ါ"

ဝင်းလဲ့ဝတ်မှုန်က သူ့ရဲ့ ဟန်ပန်အတိုင်း ခြေထောက်လေးကို လွှဲခတ်ကစားနေသည် ။

"စားဦးလေ"

ပိုင်မင်းခန့်ဆီသို့ မုန့်ဘူးကို ထိုးပေးလိုက်သည် ။

"တော်ပြီ"

"ကုန်အောင်စားလိုက်ပါလား"

"ဗိုက်ဝပါပြီ မနက်ဖြန်ကျရင် ဝတ်မှုန်ကို ကင်တင်းမှာ ကျွေးမယ်နော်"

"ကောင်းတယ်၊ မနက်ဖြန် မုန့်ဟင်းခါးစားမယ်"

"စားချင်စားလေ တို့ က တစ်ခုပဲ စိတ်ပူတာ"

"ဘာလဲ"

"မတည့်တာတွေ ဝတ်မှုန်စားမိမှာ ကိုပေါ့"

"တည့်ပါတယ် ကိုပိုင်"

မုန့်စားဆင်းချိန်မှာ နှစ်ယောက်သား စားရင်းစကားပြောနေသည် ။ ခပ်လှမ်းလှမ်းမှာ ဖိုးတူး ရပ်နေသည် ကို ဝင်းလဲ့ဝတ်မှုန်က တွေ့လိုက်သည် ။

"ဟိုမှာ ဖိုးတူး ဝတ်မှုန်တို့ ကို ကြည့်နေတယ်"

"ဒုက္ခမပေးရင် ပြီးရော၊ ကြည့်ရင်ကြည့်ပါစေပေါ့"

"သူ့မှာ မုန့်ဖိုးမရှိဘူးထင်တယ်"

နွမ်းပါးပုံပေါက်သော ဖိုးတူးကိုကြည့်ပြီး နှစ်ယောက်သားဝေဖန်နေကြသည် ။

"သူ့ကိုကြည့်ရတာ မုန့်စားချင်နေသလိုပဲ"

ဝင်းလဲ့ဝတ်မှုန် ထိုသို့ပြောတော့ ပိုင်မင်းခန့်က ရယ်သည် ။

"လုမစားလို့ ဝတ်မှုန်က ကျွေးချင်နေတယ်ထင်တယ်"

"လုမစားဘဲ ကောင်းကောင်း တောင်းစားရင် ဝတ်မှုန်က ပေးစားချင်ပါတယ်"

"ဒါဆို ပေးစားချင်ရင် ခေါ် လိုက်လေ"

"ဟုတ်တယ်....ခေါ်လိုက်မယ်နော်"

"အင်း"

ဝင်းလဲ့ဝတ်မှုန်က ဖိုးတူးကို လှမ်းခေါ်လိုက်သည် ။

"ဖိုးတူး လာဦး"

ဝင်းလဲ့ဝတ်မှုန်ဆီသို့ ဖိုးတူးက လျှောက်လာသည် ။

"နင် မုန့်စားချင်တယ်မဟုတ်လား"

"အင်း"

"ရော့ ဒီမှာ စား"

ဝင်းလဲ့ဝတ်မှုန်က ပေးလိုက်တော့ ဖိုးတူးက မငြင်းဘဲ မုန့်ကို ယူသည် ။

"ယူသွားပြီး ဟိုနားမှာ စားမယ်နော်"

"အင်း"

ဖိုးတူးက ကိတ်မုန့်လေးနှစ်ခုကိုယူပြီး သူတို့ အနားမှ ထွက်သွားသည် ။

"ကိုပိုင့်ကို သူကြောက်လို့ ဒီနားမှာ မစားတာသိလား"

ဝင်းလဲ့ဝတ်မှုန်က ပိုင်မင်းခန့်ကို ဖိုးတူး ကြောက်လန့်နေသည် ကို ပီတိဖြစ်နေသည် ။

"မနက်ဖြန် ကျောင်းပိတ်တယ်၊ အိမ်ကို လာလည်ပါလား ကိုပိုင်"

ဝင်းလဲ့ဝတ်မှုန်က အားကိုးအားထားဖြစ်မိသော သူမရဲ့ သူရဲကောင်း

ပိုင်မင်းခန့်ကို အိမ်သို့လာလည်ရန် ဖိတ်ကြားသည် ။

"တကယ်လာလည်ရမှာ လား"

"လာလည်ပေါ့"

"ဝတ်မှုန်က တို့ ကို ဘာကျွေးမှာ လဲ"

"စားချင်တာ အကုန်ကျွေးမယ်၊ အိမ်မှာ မုန့်တွေလည်း အများကြီးရှိ တယ်"

"ဒါဆို လာလည်မယ်"

မုန့်စားဆင်းချိန်ကုန်၍ အတန်းတက်ခေါင်းလောင်း ထိုးသဖြင့် ကိုယ်စီသက်ဆိုင်ရာ အတန်းများ ဆီသို့ ဝင်ကြသည် ။

***

နောက်တစ်နေ့ နေ့လယ်မှာ ပိုင်မင်းခန့်က ဝင်းလဲ့ဝတ်မှုန်တို့ အိမ်သို့ ရောက်လာသည် ။ ပိုင်မင်းခန့်ကိုမြင်ပြီး ဝင်းလဲ့ဝတ်မှုန်က လွန်စွာ ဝမ်းသာပြီး ခုန်ဆွခုန်ဆွလုပ်နေသည် ။

"ဟယ်...ကိုပိုင်ကြီးတို့ လာလည်တယ်နော်"

"အင်းပေါ့"

"လာ...လာ...မောင်လေးနဲ့ မိတ်ဆက်ပေးမယ်"

ပိုင်မင်းခန့်ရဲ့ လက်ကိုဆွဲပြီး အိမ်ထဲသို့ ခေါ်သွားသည် ။

"ထိုင်...ကိုပိုင်"

ဧည့်ခန်းထဲမှာ ပိုင်မင်းခန့်ကို ထိုင်ခိုင်းပြီး မောင်လေးဖြစ်သူ သူရိန်ဝင်းကို လှမ်းခေါ်သည်။

"မောင်လေး သူရိန်ရေ"

"ဘာလဲ မမဝတ်မှုန်"

"ဧည့်ခန်းထဲကို လာဦးဟ့"

" လာပြီ မမဝတ်မှုန်ရေ"

သူရိန်ဝင်းက ထူးသံနှင့်အတူ ဧည့်ခန်းဆီသို့ ရောက်လာသည်။

"လာ...မောင်လေး၊ ဒီမှာ မမသူငယ်ချင်း ကိုပိုင်လာလည်တယ်၊ မောင်လေးကို တွေ့ဖူးချင်လို့ "

"ဟုတ်လား...မမဝတ်မှုန်တို့ ကျောင်းကလား"

"ဟုတ်တယ်"

ပိုင်မင်းခန့်က ဖြေလိုက်သည်။

"ကိုပိုင်က သိပ်ပြီး သတ္တိရှိတာ မောင်လေးရဲ့ သိပ်ဆိုးတဲ့ ဖိုးတူးတောင် ကိုပိုင့်ကိုကြောက်ပြီး ဝပ်သွားပြီ"

"မမကို အမြဲဗိုလ်ကျတယ်ဆိုတဲ့ ဖိုးတူးလား"

"အေးပေါ့၊ ခုဆို အမြီးကုပ်နေတဲ့ ခွေးလေးကျနေတာပဲ"

ဝင်းလဲ့ဝတ်မှုန်က ဝင့်ကြွားစွာနှင့် ပိုင်မင်းခန့်ရဲ့ ဂုဏ်ပုဒ်ကို ဖော်နေသည်။

"ဟုတ်လား...ကိုပိုင်က ဟီးရိုးကြီးပေါ့နော်"

"အဲလောက်လည်း မဟုတ်ပါဘူးကွာ"

"ကိုပိုင်က ဘယ်မှာ နေတာလဲ"

"ဒီရွှေတောင်ကြားမှာ ပဲ"

"ကျွန်တော်တို့ အိမ်နဲ့ နီးလား"

"မနီးဘူး"

ဝင်းလဲ့ဝတ်မှုန်က အအေးနှင့် စားသောက်ဖွယ်ရာ မုန့်များကို အိမ်ဖော်မလေးအား လာချခိုင်းသည်။

"စားနော် ကိုပိုင်"

ဝင်းလဲ့ဝတ်မှုန်က ပိုင်မင်းခန့်ကို အစားအသောက်များ နှင့် လောကွတ်ပြုနေသည်။

"ကိုပိုင် ကြက်တောင်ရိုက်တတ်လားဟင်"

"အင်း"

သူရိန်ဝင်းက ပိုင်မင်းခန့်ကို စိတ်အားထက်သန်စွာနှင့်ပြောသည်။

"ဒါဆို ကျွန်တော်တို့ နဲ့ အမြဲလာကစားပါလား"

"အမြဲတော့ လာနိုင်မှာ မဟုတ်ဘူး၊ တစ်ခါတလေ လာကစားမယ်"

"ဒီနေ့ရော ကစားပါလားဟင်"

"ကစားမယ်လေ"

မုန့်စားသောက်ပြီး ခြံထဲဆင်းခဲ့ကြသည်။ ဘက်တန်တစ်ယောက်တစ်ချောင်းစီ ယူလိုက်ကြသည်။

"ပထမပွဲကို ကျွန်တော်နဲ့ ကစားနော်"

"ကစားမယ်လေ"

သူရိန်ဝင်းနှင့် ပိုင်မင်းခန့်တို့ ကြက်တောင်ကစားတာကို ဝင်းလဲ့ဝတ်မှုန်က ဒိုင်သူကြီးလုပ်သည် ။ သူတို့ ပွဲစဉ်မှာ ပိုင်မင်းခန့်က နိုင်သွားသည် ။

"မောင်လေး ရှုံးပြီ မမရေ…ကိုပိုင်နဲ့ မမ တစ်ပွဲကစားဦး"

"အေး ကစားမယ်"

ပိုင်မင်းခန့်နှင့် ဝင်းလဲ့ဝတ်မှုန်တို့ ကစားကြပြန်သည် ။ ထိုပွဲမှာ လည်း ပိုင်မင်းခန့်က နိုင်သည် ။

"ကိုပိုင်က သိပ်တော်တယ်နော်"

ဝင်းလဲ့ဝတ်မှုန်က ပိုင်မင်းခန့်ကို အထင်ကြီးစွာနှင့် ပြောသည် ။

သူရိန်ဝင်းက မကျေနပ်မှု အနည်းငယ်ပါသော စကားကိုဆိုသည် ။

"ကိုပိုင်က ကျွန်တော်တို့ ထက် ကြီးတော့ နိုင်မှာ ပေါ့"

"အေးပါကွာ၊ နောက်ဆို တို့ လျှော့ကစားပါ့မယ်"

နောက်ပွဲများ တွင် သူရိန်ဝင်း ကျေနပ်စေရန် ပိုင်မင်းခန့်က လျှော့ကစားလိုက်သည် ။ သူရိန်ဝင်းက ကျေနပ်သွားသည် ။

ပိုင်မင်းခန့်က မောင်နှမ နှစ်ယောက်နဲ့ ကစားပြီး ညနေစောင်းမှ ပြန်သည် ။ ခြံဝအထိ ဝင်းလဲ့ဝတ်မှုန်က လိုက်ပို့သည် ။

"ကိုပိုင် နောက်လည်း လာနော်"

"အင်းပါ"

"ကိုပိုင်နဲ့ ကစားရတာ အရမ်းပျော်တယ်"

"တို့ လည်း ပျော်ပါတယ်"

***

နောက်တစ်နေ့ နေ့လယ် မုန့်စားဆင်းချိန်တွင် ပိုင်မင်းခန့်က ဝင်းလဲ့ဝတ်မှုန်ကို ကင်တင်းခေါ်သွားပြီး ကျွေးသည်။

"မနက်ဖြန်ကျရင် အိမ်ကမုန့်တွေ ယူ လာပြီး ကိုပိုင့်ကို ကျွေးမယ်"

"တို့ ကျွေးတာကို အားနာလို့ လား"

"ကိုပိုင်ကချည်း ကျွေးနေတာ ဝတ်မှုန်လည်း ပြန်ကျွေးချင်တာပေါ့"

"ဝတ်မှုန်ကျွေးတာကို စားပါ့မယ်"

"ကိုပိုင် စက်ဘီးစီးတတ်သလားဟင်"

"စီးတတ်တာပေါ့"

"အိမ်မှာ စက်ဘီးရှိပေမယ့် ဝတ်မှုန်ရော မောင်လေးရော မစီးတတ်ဘူး"

"ဘယ်သူမှ မသင်ပေးဘူးလား"

"ဟင့်အင်း"

ဝင်းလဲ့ဝတ်မှုန်က ပိုင်မင်းခန့်ကျွေးသော သွားရေစာကို စားရင်းနှင့် ပါးစပ်ကလည်း တတွတ်တွတ်ပြောနေသည်။

"ဝတ်မှုန်ကို စက်ဘီးစီးသင်ပေးပါလားဟင်"

"သင်ပေးမယ်"

"ဘယ်တော့ လာသင်ပေးမှာ လဲ"

"ကျောင်းပိတ်ရက်ကျတော့ပေါ့"

"ဒီ စနေ တနင်္ဂနွေလား"

"အင်း"

"ဒါဆို အဲဒီနေ့တွေ မြန်မြန်ရောက်ပါစေ၊ ဝတ်မှုန်က သင်ချင်လှပြီ သိလား"

ဝင်းလှဲ့ဝတ်မှုန်က အားတက်သရောပြောသည် ။ နှစ်ယောက်သား သဘောကျစွာ တစ်ဦးမျက်နှာ တစ်ဦးကြည့်ပြီး ရယ်လိုက်ကြသည် ။

***